**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

စာအမှတ်၊ ပစ – ၀၃၂၂/၂၀၁၄–၂၀၁၅/စီမံ–လေ့ကျင့်/၃/
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန် လ ( ) ရက်

အကြောင်းအရာ။ ။**Scale (၃)မျိုးအားပေးသွင်းရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း။**
ရည်ညွှန်းချက် ။ ။စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၏ (၁၆ .၅ .၂၀၁၄ ) ရက်စွဲပါ စာအမှတ်၊ စမက–၅၃/၀၃–၃၂/ပစ္စည်းဝယ်ယူ /၂၀၁၄–၂၀၁၅/၆၆၆

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ၂၀၁၄–၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စီမံကိန်းနှင့်လေ့ကျင့်ရေးဌာနတွင် အသုံးပြုရန်အတွက်လိုအပ်သော Scale(၃)မျိုးကို ဝယ်ယူလို၍ ပေးသွင်းလိုသူများသည် (၁၈.၇.၂၀၁၄) ရက်နေ့ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ မိမိတို့၏ Technical Proposal တွင်လက်မှတ်ရေး ထိုးလျှက်အောက်တွင် လက်မှတ်ရေးထိုးသူအရာရှိထံသို့ လိပ်မူ၍ သတ်မှတ်ထားသော စည်းကမ်းချက်များ နှင့် အညီ တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | လိုအပ်သောအရေအတွက် |
|---|---|---|
| 1 | Digital Scale<br>(60kg/0.01kg),(36 viss)<br>Aluminium Frame, Stainless Steel<br>(12" x 13"), Platform Scale | 20-Nos |
| 2 | Letter Sacle (2kg) | 200-Nos |
| 3 | Parcel Scale (30kg) | 200-Nos |

၂။ အောက်ပါစည်းကမ်းချက်များကိုလိုက်နာရပါမည်။

(က) **အိတ်ဖွင့်တင်ဒါပိတ်သိမ်းသည့်နေ့ရက်တွင် (Catalogue) နှင့် (Technical Proposal) (၃)စုံအား သီးခြားစာအိတ်ဖြင့်ထင်ရှားစွာရေးသားဖော်ပြ၍ တင်ပြရပါမည်။ ( Cost Proposal ) အားဈေးနှုန်းစိစစ်မည့်နေ့ရက်တွင်တပါတည်းယူဆောင်ပေးသွင်းရပါမည်။**

(ခ) ဈေးနှုန်းတင်သွင်းရာတွင်ပစ္စည်းတစ်ခုချင်းစီ၏ဈေးနှုန်းကို **မြန်မာကျပ်ငွေဖြင့်**သာဖော်ပြရပါမည်၊လုပ်ငန်းရရှိသူသည်ပစ္စည်းများပေးသွင်းသည့်အခါမိမိတင်ပြခဲ့သော **Catalogue** အတိုင်းဖြစ်ရပါမည်၊**Catalogue** နှင့်မကိုက်ညီသော /စံချိန်စံညွှန်းနှင့်မကိုက်ညီသောပစ္စည်းများကိုလုံးဝလက်ခံခြင်းမပြုပါ။

(ဂ) လုပ်ငန်းအပေါ်စိတ်ဝင်စားမှုအာမခံငွေတင်သွင်းရန်အတွက်ငွေသွင်းပုံစံတစ်စောင်လျှင်၅/–နှုန်းဖြင့် ဝယ်ယူ၍လုပ်ငနးအပေါ်စိတ်ဝင်စားမှုအာမခံငွေကျပ် ၅၀၀,၀၀၀/–(ကျပ်ငါးသိန်းတိတိ) ကို ပေးသွင်းမှသာလျှင် **TechnicalProposal** အားထည့်သွင်းခွင့်ပြုပါမည်။(လုပ်ငန်းမရရှိပါကပြန်လည်ထုတ်ပေးပါမည်)။

(ဃ) လုပ်ငန်းရွေးချယ်ခြင်းခံရပါကလုပ်ငန်းအာမခံငွေအဖြစ်လုပ်ငန်းတန်ဖိုး၏၁၀%ကိုကြိုတင်ပေးသွင်း မှသာလျှင်လုပ်ငန်းအပ်နှံသည့်စာချုပ်ချုပ်ဆိုပါမည်။ ၁၀% လုပ်ငန်းအာမခံငွေဟုဆိုရာတွင်လုပ်ငန်းအပေါ်စိတ်ဝင်စားမှုအာမခံငွေကျပ် ၅၀၀,၀၀၀/– (ကျပ်ငါးသိန်းတိတိ) ကိုခုနှိမ်၍ကျန်ငွေကိုသာ ပေးသွင်းရန် ဖြစ်ပါသည်။

(င) ရက်လွန်ပေးသွင်းမှုအတွက် နှောင့်နှေးကြေးအဖြစ် တစ်ပတ်လျှင် နောက်ကျပေးသွင်းမည့် ပစ္စည်းတန်ဖိုး၏၁%ဖြတ်တောက်မည်ဖြစ်ပါသည်၊ အဆိုပါ၁% ဖြတ်တောက်ခြင်းကိုရက်သတ္တပါတ်စုစုပေါင်း(၆)ပတ်အထိသာ ဖြတ်တောက်မည်ဖြစ်ပြီး ၎င်းကာလထက်ကျော်လွန်ပါက ပေးသွင်းထားသော အာမခံငွေများကိုသိမ်းယူ၍ နာမည်ပျက်စာရင်းတွင် ထည့်သွင်းအရေးယူမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန အားလုံးသို့ နာမညပျက်စာရင်းပေးပို့အကြောင်းကြားမည်ဖြစ်ပါသည်။

(စ) ဈေးနှုန်းတင်သွင်းသူသည် ရွေးချယ်ခံရပြီးနောက်မှ လုပ်ငန်းလုပ်ကိုင်ရန် ငြင်းဆိုတင်ပြလျှင်ဖြစ်စေ၊ရွေးချယ်ကြောင်း အကြောင်းကြားပြီး (၇)ရက်မြောက်သည့်တိုင် လာရောက်၍ လုပ်ငန်းလက်ခံခြင်းမရှိလျှင်ဖြစ်စေ၊ အပ်နှံထားသောလုပ်ငန်းပျက်ကွက်လျှင်ဖြစ်စေ၊ ပေးသွင်းထားသောအာမခံငွေများကို သိမ်းယူပြီး နာမည်ပျက်စာရင်းတွင်ထည့်သွင်း၍ ပြည်ထောင်စုဝန်ကြီးဌာနအားလုံးသို့ နာမည်ပျက်စာရင်းပေးပို့ အကြောင်းကြားမည်ဖြစ်ပါသည်။ဤစည်းကမ်းချက်ကိုသဘောတူညီမှသာလျှင်ဈေးနှုန်းတင်သွင်း ရပါမည်။

(ဆ) လုပ်ငန်းအားလုံးကို ရက်ပေါင်း ( ၆၀ )ရက်အတွင်း အပြီးပေးသွင်းရပါမည်။

(ဇ) ဈေးနှုန်းလွှာတွင် ပစ္စည်းပေးသွင်းမည့်ကာလ Deliveryကိုဖေါ်ပြရန်နှင့် ဈေးနှုန်းတည်မြဲရက် Validity မှာ ( ၃ )လ ဖြစ်ရပါမည်။

(ဈ) ဈေးနှုန်းဖွင့်ဖောက်သည့်နေ့တွင်စိစစ်သည့်ဈေးနှုန်းနှင့်ပစ္စည်းအပေါ်ဆုံးဖြတ်ပေးနိုင်သည့် လုပ်ငန်းပိုင်ရှင် (သို့) ကုမ္ပဏီ၏အထွေထွေမန်နေဂျာရာထူးထက်မနိမ့်သောသူမှတက်ရောက်ရပါမည်။

(ည) ဈေးနှုန်းတင်သွင်းသည့်အခါ ပုဂ္ဂိုလ်အမည်အစား လုပ်ငန်းအမည်(သို့)ကုမ္ပဏီအမည်ဖြင့်သာ တင်သွင်းရပါမည်။

(ဋ) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ စိစစ်ရွေးချယ်မှု နှင့် ဆုံးဖြတ်ချက်များသာအတည်ဖြစ်သည်။

(ဌ) ရန်ပုံငွေအရ အရေအတွက် အတိုး/အလျော့ ပြုလုပ်မည် ဖြစ်ပါသည်။

(ဍ) ဌာနမှ အကြောင်းတစ်စုံတစ်ရာမပြဘဲ ဈေးနှုန်းလွှာခေါ်ယူခြင်းကိုပယ်ဖျက်ခွင့်ရှိသည်။

(ဎ) အဆိုပါပစ္စည်းကို တစ်နှစ်အတွင်း ပျက်စီးမှုမရှိကြောင်း အာမခံရပါမည်။

(ဏ) အဆိုပါလုပ်ငန်းအတွက် ဝင်ငွေခွန် ၂% ကို ဖြတ်တောက်ပေးချေမည် ဖြစ်ပါသည်။

(တ) ဈေးနှုန်းအဆိုပြုတင်သွင်းရန်အတွက်တင်ဒါတွင်ပူးတွဲထားသည့်ပုံစံဖြင့်ဖြည့်သွင်း၍ဈေးနှုန်းတင်သွင်းသည့်နေ့တွင်တင်ပြရမည်။

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(ဝင်းအောင်၊ ဒုတိယအထွေထွေမန်နေဂျာ / ပစ္စည်း)

**<u>မိတ္တူကို -</u>**

-ဒုတိယအထွေထွေမန်နေဂျာ၊ (ဘဏ္ဍာရေး /လုပ်ငန်းနှင့်စစ်ဆေးရေး)၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

-အင်ဂျင်နီယာချုပ် (အော်တိုတယ်လီဖုန်း / အဝေးဆက် / ပြည်ပဆက် / မိုဘိုင်း /IT)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ။

- စာရင်းကိုင်(၁)၊ ငွေစာရင်းဌာနစိတ်၊ ဤရုံး။

- ကြော်ငြာသင်ပုန်း။

- မျှောစာတွဲ။

- အမှုတွဲ။